# ဘဝအသက်တာ၏ ပျော်ရွှင်မှုကလေးများ

ကျွန်ုပ်တို့၏မိတ်ဆွေသောမတ်(စ)သည် အလွန်စိတ်အားထက်သန်သော ဥယျာဉ်မှူးတစ်ယောက်ဖြစ်ပြီး သူ၏ ဥယျာဉ်ထဲ၌ လှည့်လည် လမ်းလျှောက်ရခြင်းကို အမြဲတမ်း ဝမ်းမြောက်ပျော်ရွှင်သူတစ်ဦးဖြစ်ပါသည်။ မကြာသေးမီက ပြပွဲတွင် သူပြသခဲ့သည့် အလွန်လှပသော ဂန္ဓာမာပန်းလေးနှစ်ပွင့်ကို ကျွန်ုပ်သည် များစွာနှစ်သက်မှု ဖြစ်ခဲ့ရပါသည်။

သူက "ဟုတ်တယ်၊ သူတို့ဟာ သိပ်ကောင်းမွန်တယ်"ဟု သဘောတူပါသည်။ သို့သော် သူ၏ကဲ့သို့ ပြောရသည်ကို တုံ့ဆိုင်းနေသလို ရှိခဲ့ပါသည်။ ကျွန်ုပ်က သူစကားဆက်ရန် စောင့်နေပါသည်။ "ဟုတ်ပါတယ်၊ ဒီနေရာမှာ အံ့အားသင့်စရာ ဖွံ့ဖြိုးမှုတွေ ရှိပါသေးတယ်။ ပန်းမျိုးကွဲ အသစ်တွေနဲ့ ကျနတာတွေ ရှိသေးတယ်။ ဒါပေမယ့် တစ်ခါတစ်ရံ ကျွန်တော်ဟာ အနုစိတ် အပြစ်ဆိုဖွယ်ရာ မရှိတဲ့ ရိုးရိုးအမျိုးအစား ပန်းလေးများကို အလွယ်တကူ ဘေးဖယ်ထားတတ်ကြတယ်လို့ ကျွန်တော်ထင်တယ်"ဟု ပြောပြီးနောက် သူသည် မြင်ခင်းကိုဖြတ်၍ ကျွန်ုပ်အား ခေါ်သွားပြီး ဤကဲ့သို့သော နမူနာလေးတစ်ခုကို ပြလိုက်ပါသည်။

လူသားတို့၏ ကျွမ်းကျင်မှုနှင့် စောင့်ရှောက်ပြုစုခြင်းမှ ရရှိလာသော အံ့ဩဖွယ်ရာ ဖွံ့ဖြိုးတိုးတက်မှု အမျိုးအစားအားလုံးကို မည်သူတစ်ဦးတစ်ယောက်မျှ ဆုံးရှုံးခံချင်မည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် "ရိုးစင်းသော အရာများအတွက် ပျော်ရွှင်ဝမ်းမြောက်ရန် သွန်သင်ပေးပါ"ဟူသည့် **Rudyard Kipling** ၏ ဆုတောင်းချက်ကို သတိရရန် လိုအပ်သည်ဟု ကျွန်ုပ်ထင်ပါသည်။

**Francis Gay**

ပိုင်ဆိုင်သည့် ဥစ္စာပစ္စည်း၊ အပြင်ပန်းအောင်မြင်မှု၊ ကျော်ကြားမှု၊ စည်းစိမ်ရှိရှိနေထိုင်ခြင်း စသည်တို့သည် ကျွန်ုပ်အတွက် အမြဲတမ်း စက်ဆုပ်ဖွယ်ရာများ ဖြစ်ပါသည်။ ရိုးရိုးသားသားနှင့် အောက်ကျို့သော ဟန်မူရာများရှိသည့် အသက်တာသည် လူတိုင်းအတွက် အကောင်းဆုံး ဖြစ်ပါသည်။ အဲလဘတ်အိုင်းစတိုင်း

ကျွန်ုပ်တို့ သာယာကြည်နူးမှုရရန် ရိုးစင်းသောသာယာမှုနှင့် ပျော်ရွှင်မှုရှိသောဘဝကို ဖန်ဆင်းပေးသူမှာ ဘုရားသခင်ပင် ဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာနှင့်အာရုံများကို လှပသောအရာများအား ကြည့်မြင်၍ မွေ့လျော်တတ်စေရန် အရသာရှိသော အရာများအား မြည်းစမ်းနိုင်ရန် လှပသော တေးသွားများအား ကြားနိုင်ရန် ကျွန်ုပ်တို့ ထိတွေ့ရသည့် ကောင်းမွန်သောအရာများအား ခံစားတတ်စေရန်နှင့် လှပသော ပန်းများ၏ မွှေးရနံ့ (သို့မဟုတ်) ချက်ပြုတ်နေသော အရသာထူးလှသည့် ဟင်းလျာများ၏ ရနံ့ကို ရှူရှိုက်တတ်စေရန် ဖန်ဆင်းပြုလုပ်ပေးခဲ့ပါသည်။ ဒေးဗစ်ဘရန့်ဘဘ့ခ်

ကျေးဇူးတော် ချီးမွမ်းတတ်သော နှလုံးသားသည် ဝမ်းမြောက်မှုကို အရာအတော်တော်များများ၌ တွေ့ရှိနိုင်သည်။ ကျွမ်းကျင်မှုတစ်ခုကို သင်ယူခြင်း၊ သစ်တောအုပ်ထဲ၌ လမ်းဖြတ်လျှောက်ခြင်း၊ မိတ်ဆွေများနှင့်တွေ့ဆုံခြင်း၊ လှပသော ရှုခင်းများကို ကြည့်ခြင်း၊ ကောင်းမွန်သော ဟင်းလျာများကိုချက်ပြုတ်ခြင်း၊ လက်ဆောင်ပေးခြင်း၊ ကလေးကိုစာသင်ခြင်း၊ လိုအပ်သောသူတစ်စုံတစ်ဦးကို ကူညီခြင်း၊ အစေခံရန် နည်းလမ်းများကိုရှာဖွေခြင်း၊ အသစ်သော သမ္မာတရားကို ရှာဖွေခြင်း၊ တရားအဟောင်းကို တန်ဖိုးထားခြင်း၊ ဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံ လက်လှမ်းခြင်း၊ သူ၏ မေတ္တာကို နည်းလမ်းကြီးငယ်ဖြင့် လက်ဆင့်ကမ်းဖြန့်ဝေပေးခြင်းတို့ ဖြစ်ပါသည်။ ဘဝတွင် ရိုးစင်းသော အရာများ၊ သေးငယ်သောအရာများ၊ ဝမ်းမြောက်ဖွယ်ရာများ၊ အဖိုးတန်သောအရာများအတွက် စသဖြင့် ပျော်ရွှင်ရန် နည်းလမ်းများစွာ ရှိပါသည်။

ယေရှုဘုရားကိုယ်တော် ကျွန်ုပ်တို့အား ပျော်ရွှင်မှုရှိရန်အတွက် ပေးအပ်ခဲ့သော အခွင့်အရေးတစ်ခုစီတိုင်းကို အမြဲအရအသုံးချနိုင်ရန်အတွက် ကျေးဇူးပြု၍ မစတော်မူပါဘုရား၊ ကျွန်ုပ်တို့၏လမ်းကြောင်း၌ကိုယ်တော်ချထားပေးခဲ့သောတောက်ပသည့်အရာများအားလုံးကိုတွေ့မြင်ရန်နှင့် ကိုယ်တော်နှင့် ယင်းအရာများသည် သဘာဝအား အံ့ဩဖွယ်ရာပြုလုပ်ပေးသည့် အရာများသာဖြစ်ကြောင်းသိမြင်လျက် ထိုအတွက်ကျေးဇူးတင်ဖို့ မပျက်ကွက်စေရန် မစပါ။

**- Chole West**

**ကောင်းကင်ဘုံနှင့်ဆိုင်သော တစ်အောင်စ**
**ဒါမှမဟုတ်**
**နှစ်အောင်စ**

**An ounce or two of Heaven**

ကျွန်ုပ်သည် ထူးခြားမှုမရှိသော
သာမန်ရေမွှေးတစ်ပုလင်း ဝယ်ချင်သည်။
ကျွန်ုပ်စိတ်ထဲတွင် မြို့၏လမ်းများကို
မိုးရေဖြင့်ဆေးကြောထားသည့် အနံ့အသက်
ဒါမှမဟုတ် လောလောလတ်လတ် ကလေးငယ်၏ ရေချိုးထားသည့် အနံ့အသက်
ဒါမှမဟုတ် အနံ့စူးစူး ပူဒီနာအရွက်စိမ်းကို
ချေပြီးပွတ်ထားသောအနံ့ကိုရခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။
အိမ်လုပ် လတ်ဆတ်သော ပေါင်မုန့်၌ တွေ့ရသည့် အလွန်ကောင်းသည့် ရနံ့မျိုး သင့်၌ ရှိပါသလား?
ဒါမှမဟုတ် အိပ်ယာပေါ်မှ သန့်ရှင်းသော အိပ်ယာခင်း၏ စည်းစိမ်ဖြင့် ပြည့်သိပ်နေသော ရနံ့မျိုး ရှိပါသလား?
ကြွပ်ရွပြီး အညိုရောင် ဝက်ဆားနယ်ခြောက်၏ အလွန်ရိုးတိုးရွတဖြစ်စရာကောင်းသော ရနံ့မျိုးကော ရှိပါသလား?
ဒါမှမဟုတ် အုံ့မှိုင်းမှိုင်းသစ်တောအတွင်း
မီးလောင်နေသော ရနံ့မျိုးကော ရှိပါသလား
သင့်၌ လေထဲမှ ဆောင်းဦး၏ မာကြွပ်ကြွပ် ရနံ့မျိုး ရှိကောင်းရှိမည်။
ဒါမှမဟုတ် နွေဦးနေ့တစ်နေ့၏ ပို၍ စွဲမက်စရာ ရှားပါးသော ရနံ့မျိုး ရှိပါသလား?
ရနံ့မစူးရှသော မည်သည့်သာမန်ရနံ့မဆိုရှိသော ရေမွှေးမျိုး ဝယ်ချင်ပါသည်။
မြေကမ္ဘာပေါ်တွင် ပြုလုပ်သော ကောင်းကင်ဘုံနှင့်ဆိုင်သည့် တစ်အောင်စ
ဒါမှမဟုတ် နှစ်အောင်စ

**- Helen Marshall**



**"ရောင့်ရဲသော စိတ်ပါလျှင် ဘုရားဝတ်၌ မွေ့လျော်ခြင်းသည် ကြီးစွာသော အကျိုးစီးပွားမှန်၏" (၁တိ ၆း၆)**